C.E.I.R.


## CEIR Public Portal ဆိုတာဘာလဲ

CEIR Public Portal ဆိုသည်မှာ မိုဘိုင်းလက်ကိုင်ဖုန်းများနှင့် IMEI Code ပါ မိုဘိုင်းကွန်ရက်သုံး ဆက်သွယ်ရေးပစ္စည်းများအား ပြည်ပမှတင်သွင်း သို့မဟုတ် ယူဆောင်လာသည့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ချင်း သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်း အနေဖြင့် IMEI နံပါတ်များကို CEIR စနစ်တွင် Fake/ Clone စစ်ဆေးခြင်းနှင့် အခွန်ပေးဆောင်ခြင်းများအတွက် အသုံးပြုရမည့် Web Portal ဖြစ်ပါသည်။

## CEIR Public Portal ကို ဘယ်လိုဝင်ရောက်မလဲ

- ပထမဦးစွာ Firefox/ Chrome/ Microsoft Edge စသည့် Web Browser တစ်ခုခုကို ဖွင့်ပါ။
- www.ceir.gov.mm သို့ ဝင်ရောက်ပါ။

ဖော်ပြပါအတိုင်း CEIR စနစ်၏ Home Page ကျရောက်လာမည် ဖြစ်ပါသည်။








## CEIR Public Portal မှာ ဘာတွေ ဆောင်ရွက်နိုင်လဲ


CEIR ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်တွင် ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်များ

- IMEI မှတ်ပုံတင်ထားရှိမှု အခြေအနေ စစ်ဆေးခြင်း
- တစ်ဦးချင်းအနေဖြင့် IMEI မှတ်ပုံတင်ခြင်း




## မိမိဖုန်း၏ IMEI နံပါတ်သည် မှတ်ပုံတင်ထားခြင်း ရှိ/မရှိ ဘယ်လိုစစ်ဆေးမလဲ


- www.ceir.gov.mm သို့ ဝင်ရောက်၍ Check IMEI Status ရှိ Check status အား နှိပ်ပါ။









ဖော်ပြပါ Page ကျရောက်လာမည်ဖြစ်ပြီး မိမိ၏ IMEI နံပါတ်ရိုက်ထည့်ကာ I'm not a robot တွင် Ticking ပေး၍ Check Status အား နှိပ်ကာ IMEI မှတ်ပုံတင်ထားခြင်း ရှိ/မရှိ အခြေအနေအား စစ်ဆေးနိုင်ပါသည်။




- မိမိ၏ IMEI သည် မှတ်ပုံတင်ထားပါက Tax Payment Status သည် Paid ပြသနေမည် ဖြစ်ပါသည်။






- မိမိ၏ IMEI သည် မှတ်ပုံတင်ထားခြင်းမရှိပါက Tax Payment Status သည် Unpaid ပြသနေမည် ဖြစ်ပါသည်။




## မိမိဖုန်း၏ IMEI အား မှတ်ပုံတင်ခြင်း

CEIR Home Page ရှိ Pay Tax Button အားနှိပ်၍ အခွန်ပေးဆောင်ပြီး မှတ်ပုံတင်နိုင်သကဲ့သို့ Check IMEI Status တွင် Tax Payment Status Unpaid ပြသနေသည့်အဆင့်ရှိ Pay Button အား နှိပ်၍လည်း အခွန်ပေးဆောင်ပြီး မှတ်ပုံတင်နိုင်ပါသည်။










## CEIR စနစ်၏ Home Page ရှိ ကဏ္ဍများ

Main Page FAQ About Us Service Points Legislation

- FAQ (မေးခွန်းနှင့်အဖြေများ)




- About Us / မိမိတို့အကြောင်း




- Service Points / ဝန်ဆောင်မှုများ



- Legislation / ဥပဒေရေးရာ







# CEIR Public Portal

C.E.I.R.

## CEIR Public Portal အကြောင်း သိကောင်းစရာ




၂

## ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ် (Central Equipment Identity Register - CEIR)

### CEIR စနစ် ဆိုတာဘာလဲ

မိုဘိုင်းလက်ကိုင်ဖုန်းများ တရားမဝင်တင်သွင်းမှုမှ တားဆီးကာကွယ်ရေးနှင့် အခွန်အပြည့်အဝ ကောက်ခံရရှိရေးအတွက် သတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာအသုံးချ၍ မိုဘိုင်းလက်ကိုင်ဖုန်းများအပါအဝင် မိုဘိုင်းကွန်ရက်သုံးဆက်သွယ်ရေးပစ္စည်းများ၏ မူရင်းအမှတ်အသား (International Mobile Equipment Identity - IMEI Code) ကို စစ်မှန်မှု ရှိ/မရှိ စစ်ဆေးခြင်း၊ အခွန်အကောက်ဆိုင်ရာကိစ္စရပ်များနှင့် အခွန်ပေးသွင်းမှုဆိုင်ရာကိစ္စရပ်များကို Online စနစ်ဖြင့် အလွယ်တကူ ဆောင်ရွက်နိုင်စေရန် တည်ဆောက်ထားသည့် စနစ်တစ်ခုဖြစ်ပါသည်။




www.ceir.gov.mm

ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ် (CEIR) ကို စတင်အသုံးပြုချိန်မှစ၍ မြန်မာနိုင်ငံအတွင်းသို့ ပြည်ပမှ တင်သွင်း/ ယူဆောင်လာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများအနက် တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်သို့ အခွန်ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းများသာ မိုဘိုင်းဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းလိုင်စင်ရရှိသူများ (MPT ၊ ATOM ၊ U9 ၊ Mytel) တို့၏ ကွန်ရက်ကို ချိတ်ဆက်အသုံးပြုခွင့် ပေးသွားမည်ဖြစ်ပါသည်။

### CEIR စနစ်ကို အကောင်အထည်ဖော်ရခြင်း၏ ရည်ရွယ်ချက်

မိုဘိုင်းလက်ကိုင်ဖုန်းသုံးစွဲသူပြည်သူများ စံချိန်စံညွှန်းနှင့်ကိုက်ညီ နိုင်ငံတော်သို့ ကျသင့်အခွန်များ ပေးဆောင်ထားသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို ပြည်တွင်းတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ရန်ဖြစ်ပါသည်။

၃

### CEIR စနစ်က ဘယ်သူတွေနဲ့သက်ဆိုင်လဲ


မိုဘိုင်းလက်ကိုင်ဖုန်းများကို သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းသူများ၊


မိုဘိုင်းလက်ကိုင်ဖုန်းများကို လက်လီ/လက်ကား ရောင်းချသူများ၊


မိုဘိုင်းလက်ကိုင်ဖုန်းများကိုသုံးစွဲသူ ပြည်သူများ။

### CEIR စနစ်မှာ ဘာတွေဆောင်ရွက်လို့ရလဲ

- ✓ မိုဘိုင်းလက်ကိုင်ဖုန်းများ မဝယ်ယူမီ စစ်မှန်မှု ရှိ/မရှိ (Fake/Clone) စစ်ဆေးနိုင်ခြင်း၊
- ✓ ကျသင့်အခွန်အကောက်များ ပေးဆောင်ပြီး/မပြီး စစ်ဆေးနိုင်ခြင်း၊
- ✓ စနစ်ကိုအသုံးပြု၍ ကျသင့်အခွန်များ လွယ်လင့်တကူ ပေးဆောင်နိုင်ခြင်း၊
- ✓ မိမိတို့၏ မိုဘိုင်းလက်ကိုင်ဖုန်းများကို စနစ်တွင် မှတ်ပုံတင်ဆောင်ရွက်နိုင်ခြင်း။




### CEIR စနစ်၏ အကျိုးကျေးဇူးများ

- တင်သွင်းရောင်းချသူများအနေဖြင့် ကျသင့်အခွန်အကောက်များကို Online စနစ် အသုံးပြု၍ အလွယ်တကူ ပေးဆောင်တင်သွင်းနိုင်ခြင်း၊
- အခွန်တိမ်းရှောင်မှုနှင့် တရားမဝင်တင်သွင်းခြင်းမှ တားဆီးကာကွယ်နိုင်ခြင်း၊
- အများပြည်သူများမှ မိုဘိုင်းလက်ကိုင်ဖုန်း အတုများ (Fake / Clone Mobile Device) ဝယ်ယူမိခြင်းမှ ကာကွယ်ပေးနိုင်ခြင်း၊
- နိုင်ငံအတွင်းသို့ ဝင်ပေါက်အသီးသီးမှ တင်သွင်းလာသည့် မိုဘိုင်းလက်ကိုင်ဖုန်းများ၏ IMEI နံပါတ်များကို စိစစ်ပြီး မှန်ကန်မှ အသုံးပြုခွင့်ပေးသည့်အတွက် မိုဘိုင်းလက်ကိုင်ဖုန်းဈေးကွက်များ၏ စစ်မှန်မှုနှင့် ယုံကြည်စိတ်ချရမှုမြှင့်တင်ပေးနိုင်ခြင်း။

၄

## CEIR စနစ်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ် (အကျဉ်းချုပ်)

၁။ (က) CEIR စနစ်တွင် IMEI အချက်အလက် စုဆောင်းသိမ်းဆည်းခြင်းကာလ ရက်ပေါင်း (၃၀)

**လက်ရှိသုံးစွဲနေသော မိုဘိုင်းလက်ကိုင်ဖုန်းများ** → **CEIR စနစ် Whitelist တွင် သိမ်းဆည်း၍ ဆက်လက်အသုံးပြုခွင့်ပြုမည်။**

(ခ) GSMA Database နှင့် တိုက်ဆိုင်စစ်ဆေး၍ Database တွင် မပါဝင်သော မိုဘိုင်းလက်ကိုင်ဖုန်းများကို ကာလတစ်ခုအထိ သုံးစွဲခွင့်ပြုသည့်အဆင့်

**လက်ရှိသုံးစွဲနေသော စံချိန်မမီသော မိုဘိုင်းလက်ကိုင်ဖုန်းများ (Clone Handset)** → **CEIR စနစ်တွင် သိမ်းဆည်း၍ ကန့်သတ်ချက် ဖြင့် (၃) နှစ် ဆက်လက်အသုံးပြုခွင့်ပြုမည်။**

၂။ CEIR စနစ်ဖြင့် ပုံမှန်လုပ်ငန်းလုပ်ဆောင်ခြင်းအဆင့် (၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍)

**သွင်းကုန်လိုင်စင်ဖြင့် ပြည်ပမှ တင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်းများ** → **MACCS စနစ်ဖြင့် အခွန်ကောက်ခံ CD 5% + CT 5% + AIT 2%** → **CEIR စနစ် Whitelist တွင် သိမ်းဆည်း၍ အသုံးပြုခွင့်ပြုမည်။**

**အခွန်ပေးဆောင်ခြင်းမရှိဘဲ SIM Card ထည့်သွင်းအသုံးပြုသည့် မိုဘိုင်းလက်ကိုင်ဖုန်း** → **CEIR စနစ် Greylist တွင် သိမ်းဆည်း၍ ရက်(၃၀) အသုံးပြုခွင့်ပြုမည်။ CD 5% + CT 5% +ဒဏ်ကြေး** → **CEIR စနစ်ဖြင့် အခွန်ဆောင်ပါက Whitelist တွင် သိမ်းဆည်း၍ အသုံးပြုခွင့်ပြုမည်။**

**CEIR စနစ် Greylist** → **ရက်(၃၀) ကျော်လွန်၍ အခွန်မဆောင်ပါက Blacklist တွင် သိမ်းဆည်း၍ သုံးစွဲခွင့်ရပ်ဆိုင်းမည်။** → **CEIR စနစ်ဖြင့် အခွန်ဆောင်ပါက Whitelist တွင် သိမ်းဆည်း၍ အသုံးပြုခွင့်ပြုမည်။**

၅

CEIR စနစ်ကို လွှင့်တင်(Go-Live) အသုံးပြုချိန်မှစ၍ အများပြည်သူတို့ လက်ရှိအသုံးပြုနေသော မိုဘိုင်းလက်ကိုင်ဖုန်းများကို အခွန်ပေးဆောင်ရန် မလိုအပ်ဘဲ ဆက်လက်အသုံးပြုနိုင်ရန် CEIR စနစ်ရှိ ခွင့်ပြုစာရင်း (Whitelist) တွင် အလိုအလျောက် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။ အဆိုပါခွင့်ပြုစာရင်းတွင် ပါရှိနိုင်ရေးအတွက် ၂၀၂၆ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ နောက်ဆုံးထားပြီး ဆက်သွယ်ရေးကွန်ရက် (MPT ၊ ATOM ၊ U9 ၊ Mytel) များ၏ SIM Card များ ထည့်သွင်း၍ ဖွင့်လှစ်အသုံးပြုထားရန် လိုအပ်မည်ဖြစ်ပါသည်။

၂၀၂၆ ခုနှစ်၊ ဧပြီလ (၁)ရက်နေ့မှစ၍ ခွင့်ပြုစာရင်းတွင် မပါရှိသည့် မိုဘိုင်းလက်ကိုင်ဖုန်းများကို မိုဘိုင်းဆက်သွယ်ရေးကွန်ရက်များနှင့် စတင်ချိတ်ဆက်အသုံးပြုချိန်မှ ရက်ပေါင်း (၃၀) အတွင်း ယာယီအသုံးပြုခွင့်ရရှိမည်ဖြစ်ပြီး ယင်းကာလအတွင်း ကျသင့်အခွန်နှင့်ဒဏ်ကြေးများ ပေးဆောင်ပြီးမှသာ ဆက်လက်အသုံးပြုခွင့်ရရှိမည်ဖြစ်ပါသည်။

**IMEI နံပါတ်ဆိုသည်မှာ** GSMA မှ သတ်မှတ်သည့် မိုဘိုင်းစက်ပစ္စည်းများ၏ သက်သေခံအမှတ်အသားဖြစ်ပြီး Digit ဂဏန်း ၁၅ လုံး ဖြင့်ဖော်ပြထားပါသည်။ မိုဘိုင်းဖုန်းတစ်လုံးတွင် SIM Card Slot အရေအတွက် အပေါ်မူတည်၍ IMEI Code များ သတ်မှတ်ထားပါသဖြင့် SIM Slot အပေါ်မူတည်၍ IMEI တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ပါဝင်ပါသည်။




### အခွန်ပေးဆောင်ထားခြင်းရှိ/မရှိကို ဘယ်လိုစစ်ဆေးရမလဲ

မိုဘိုင်းလက်ကိုင်ဖုန်း၏ IMEI ကို ဖုန်းခေါ်ဆိုသည့် Dial Pad တွင် *#06# ကို ရိုက်၍ လည်းကောင်း၊ ဖုန်း၏ဘူးခွံပေါ်တွင် ရှာဖွေခြင်းဖြင့် ရရှိလာသည့် နံပါတ်များကို www.ceir.gov.mm တွင် အလွယ်တကူ ဝင်ရောက်စစ်ဆေးနိုင်ပါသည်။



**ပြည်သူများအနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်းများဝယ်ယူသည့်အခါ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် စစ်မှန်သည့် စက်ပစ္စည်းများ ဟုတ်/မဟုတ်၊ အခွန်ပေးဆောင်ပြီး/မပြီး တို့ကို CEIR စနစ်တွင် ဝင်ရောက်စစ်ဆေးကြပါ။**

## ကောက်ခံလျက်ရှိသည့်အခွန်အမျိုးအစားများ

ပြည်ပမှတင်သွင်း/ယူဆောင်လာသော မိုဘိုင်းလက်ကိုင်ဖုန်းများသည် တည်ဆဲဥပဒေများအရ သတ်မှတ်ထားသည့် အခွန်အကောက်များကို ပေးဆောင်ရမည်ဖြစ်ပါသည်-


- **အကောက်ခွန် (Customs Duty-CD) ၅ %**
  (အကောက်ခွန်ဦးစီးဌာနမှ အမျိုးအစားအလိုက် သတ်မှတ်သည့် စည်းကြပ်တန်ဖိုး (Assessable Value) အပေါ် တွင် ယခင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၂၂ အရ)
- **ကုန်သွယ်လုပ်ငန်းခွန် (Commercial Tax- CT) ၅ %**
  (နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ နှုန်းထားများအရ)
- **ကြိုတင်ဝင်ငွေခွန် (Advanced Income Tax-AIT) ၂%**
  (ယခင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၃၈/၂၀၁၉ အရ)
  (သွင်းကုန်လိုင်စင်ဖြင့်တင်သွင်းသူများသာ)
- **ရွေးယူဒဏ်ကြေး (Redemption Fine)**
  (ဥပဒေများအရ သတ်မှတ်သည့် ဒဏ်ကြေး)

အကောက်ခွန်ဦးစီးဌာနအနေဖြင့် သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းလာမှုအပေါ် စည်းကြပ်ကောက်ခံခြင်းနှင့် တရားမဝင် တင်သွင်းလာမှုအပေါ် အရေးယူဆောင်ရွက်ခြင်းတို့အား ပင်လယ်ရေကြောင်းအကောက်ခွန်အက်ဥပဒေ၊ ကုန်းလမ်းအကောက်ခွန်အက်ဥပဒေ၊ အကောက်ခွန်နှုန်းဥပဒေနှင့် တည်ဆဲဥပဒေများအရ ဆောင်ရွက်လျက်ရှိပါသည်။



## တန်ဖိုးသတ်မှတ်ခြင်း

ပြည်ပမှတင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်းများ၏ တန်ဖိုးကို အမျိုးအစားအလိုက် ခွဲခြားပြီး အကောက်ခွန်တန်ဖိုးသတ်မှတ်ရာတွင် World Trade Organization Valuation Agreement (WTOVA) နှင့်အညီ ထုတ်ပြန်ထားသော ယခင်စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၁၇ အရ အကောက်ခွန်ဦးစီးဌာနနှင့် ကုန်သွယ်ရေးဦးစီးဌာနတို့မှ ရည်ညွှန်းဈေးနှုန်းပြုစု၍ သွင်းကုန်တန်ဖိုးစိစစ်ရေးအဖွဲ့၏ အတည်ပြုချက်ဖြင့် ဈေးနှုန်းသတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။




## CEIR စနစ်ဖြင့် အခွန်ပေးဆောင်ခြင်း

အခွန်ကောက်ခံမှု နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများအရ သတ်မှတ်သည့် လက်ရှိအခွန်နှုန်းထားများအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) သွင်းကုန်လိုင်စင်ဖြင့် တင်သွင်းလာသော မိုဘိုင်းလက်ကိုင်ဖုန်းများ ကို ပြည်ပမှတင်သွင်းလိုသည့်ကုမ္ပဏီများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ တင်သွင်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ကျသင့်အခွန်များကို ပေးဆောင်ပြီးပါက CEIR စနစ်ရှိ ခွင့်ပြုစာရင်းတွင် ထည့်သွင်းပေးသွားမည်ဖြစ်ပါသည်။

( ခ ) ဖုန်းဆိုင်များနှင့် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်း အနေဖြင့် မိုဘိုင်းလက်ကိုင်ဖုန်းများ ကို ပြည်ပမှ တင်သွင်း/ယူဆောင်လာပါက အခွန်ပေးဆောင်ရန်အတွက် အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm တွင် မိုဘိုင်းလက်ကိုင်ဖုန်း၏ကုတ်နံပါတ် (International Mobile Equipment Identity -IMEI) ကို ထည့်သွင်းပြီး ဝယ်ယူခဲ့



သည့် အမျိုးအစားအလိုက် သတ်မှတ်ထားသည့် အကောက်ခွန်စည်းကြပ်တန်ဖိုးအပေါ်တွင် ကျသင့်အခွန်နှင့် ဒဏ်ကြေးများကို အီလက်ထရောနစ်ငွေပေးချေမှုနည်းလမ်းများဖြင့် ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

## အခွန်ပေးသွင်းနိုင်သည့်နည်းလမ်းများ

အခွန်ပေးဆောင်ခြင်းကို အင်တာနက်စာမျက်နှာတွင် လွှင့်တင်ထားသော https://www.ceir.gov.mm မှတစ်ဆင့် **MMQR Code** ကို အသုံးပြု၍-

- **KBZ Pay၊ AYA Pay၊ CB Pay၊ uab Pay၊ A plus Wallet၊ Citizen Pay၊ OK$၊ Wave Money၊ Trusty Pay၊ Zego Pay၊ M-Pitesan** စသည်တို့ဖြင့် လည်းကောင်း၊
- **uab နှင့် A plus Mobile Pay** များဖြင့်လည်းကောင်း၊
- **uab Bank ၊ Shwe Bank ၊ A Bank တို့၏ Mobile Banking** စနစ်များဖြင့်လည်းကောင်း၊
- **MPU** ဖြင့်လည်းကောင်း ပေးဆောင်နိုင်ပါသည်။

အင်တာနက်ရရှိသည့်နေရာများမှတစ်ဆင့် အလွယ်တကူ ပေးဆောင်နိုင်ပါသည်။

နယ်စပ်ဒေသများ၊ အင်တာနက်ရရှိရန်ခက်ခဲသော ဒေသများနှင့် အခက်အခဲရှိသော ပြည်သူများအတွက် အဆိုပါဒေသရှိ ပြည်တွင်းအခွန်များဦးစီးဌာနရုံးများတွင်ဖြစ်စေ၊ အကောက်ခွန်ဦးစီးဌာနရုံးများတွင်ဖြစ်စေ ကျသင့်အခွန်နှင့်ဒဏ်ကြေးများကို ပေးဆောင်နိုင်မည်ဖြစ်ပါသည်။

**အသေးစိတ်စုံစမ်းမေးမြန်းလိုပါက**

www.ceir.gov.mm

**Call Center Hotline No. 1577, 1755, Ph No. 067 3430032**

callcenter.ceir@ird.gov.mm , techsupport.ceir@ird.gov.mm

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**CEIR နှင့် EIR စနစ် စီမံကိန်းစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့**

# CEIR နှင့် EIR စနစ်

**ဗဟိုမိုဘိုင်းစက်ပစ္စည်းသက်သေခံမှတ်ပုံတင်စနစ်**

**(Central Equipment Identity Register - CEIR)**

**အကြောင်း သိကောင်းစရာများ**





**“နိုင်ငံကြီးသားပီသစွာ စစ်မှန်ပြီး ဥပဒေနှင့်အညီ တရားဝင်တင်သွင်းသော ဖုန်းများကိုသုံးစွဲကြပါစို့”**

www.ceir.gov.mm , Call Center 1577, 1755

၁


## မိမိဖုန်း၏ IMEI အား စစ်ဆေးခြင်းနှင့် မှတ်ပုံတင်ခြင်း

- ပထမဦးစွာ Firefox/ Chrome/ Microsoft Edge စသည့် Web Browser တစ်ခုခုကို ဖွင့်ပါ။
- www.ceir.gov.mm သို့ ဝင်ရောက်ပါ။
- Home Page တွင် IMEI မှတ်ပုံတင်ခြင်းဆောင်ရွက်ရန်အတွက် Pay Tax for Mobile Handset နှင့် IMEI Status စစ်ဆေးရန်အတွက် Check IMEI Status တို့အား တွေ့ရပါမည်။




- IMEI မှတ်ပုံတင်ထားခြင်းရှိ/မရှိ သိရှိရန်အတွက် Check IMEI Status တွင် ဝင်ရောက်စစ်ဆေးနိုင်ပါသည်။ IMEI နံပါတ်အား မှတ်ပုံတင်ထားပါက Tax Payment Status သည် Paid ပြသနေမည် ဖြစ်ပြီး မှတ်ပုံတင်ထားခြင်းမရှိပါက Unpaid ပြသနေမည် ဖြစ်ပါသည်။
- IMEI မှတ်ပုံတင်ခြင်းဆောင်ရွက်ရန်အတွက် Pay Tax for Mobile Handset Box ရှိ Pay tax အားနှိပ်ပါ။


၂




ဖော်ပြပါ Page ကျရောက်လာမည်ဖြစ်ပြီး တစ်ဦးချင်းအတွက် IMEI ကို ရွေးချယ်ဆောင်ရွက်နိုင်ပါသည်။


ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက်

- Enter IMEI တွင် မိမိဆောင်ရွက်လိုသည့် IMEI နံပါတ်အား ရိုက်ထည့်ပါ။
- Next ကိုနှိပ်ပါ။
- I'm not a robot တွင် ✓ ပေး၍ Verified ဖြစ်ပါက Next ကို နှိပ်ပါ။





၃


ဖော်ပြပါ Page ကျရောက်လာပါမည်။




- Yes, it is my device အားနှိပ်ပါ။
- မိမိ၏ ဖုန်းသည် SIM Slot ၂ခုပါဝင်ပါက IMEI 2 နံပါတ်အား ထပ်၍ ရိုက်ထည့်ပါ။
- Check Status အား နှိပ်ပါ။




- Next ကို နှိပ်ပါ။







Website : www.ceir.gov.mm Call Center : 1577 , 1755
Website : www.ceir.gov.mm Call Center : 1577 , 1755


မိမိ၏ Application ID အား မှတ်သားထားပါ။ (သိရှိလိုသည်များရှိပါက Call Center သို့ Application ID အမှတ်ပြောကြား၍ စုံစမ်းနိုင်ပါသည်။)

➢ **Pay ကိုနှိပ်ပါ။**






➢ မိမိပေးဆောင်လိုသည့် Mobile Banking ၊ Mobile Pay ၊ MMQR နှင့် MPU Card အားရွေးချယ်၍ ပေးဆောင်နိုင်ပါသည်။











အခွန်ပေးဆောင်ခြင်းအောင်မြင်ပါက ဖော်ပြပါ အသိပေးချက် (Notification) ကျရောက်လာမည်ဖြစ်ပြီး မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ် ပြီးဆုံးမည် ဖြစ်ပါသည်။




# CEIR Public Portal

C.E.I.R.

## IMEI နံပါတ်အား CEIR Public Portal တွင် မှတ်ပုံတင်ခြင်း





Website : www.ceir.gov.mm Call Center : 1577 , 1755
Website : www.ceir.gov.mm Call Center : 1577 , 1755